BURMA PARTNERSHIP
မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ
Strengthening Cooperation for a Free Burma

၂၀၁၂ ခု ဇန်နဝါရီ ၁၀ ရက်

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သို့မဟုတ်

## အနှစ်မဲ့လုပ်ကွက်တစ်ခု

### ကော်မရှင်ကို အမှန်တကယ်လွတ်လပ်ပြီး ထိရောက်သည့်ယန္တရားတရပ်ဖြစ်အောင် လိုအပ်သည့်ခြေလှမ်းများ လှမ်းဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက အစိုးရကိုတောင်းဆိုဆော်ဩသင့်သည်

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာအစိုးရက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို အားပေးမြှင့်တင်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် တာဝန်ယူမည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် NHRC တရပ်ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။

NHRC ဖွဲ့စည်းတည်ထောင်ခြင်းကို အပေါင်းလက္ခဏာဆောင်သည့်ခြေလှမ်းအဖြစ် ရှုမြင်နိုင်သော်လည်း လူအများအပြားကမူ သံသယဖြင့် ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ NHRC သစ်အကြောင်း ကျွန်ုပ်တို့ အနည်းအကျဉ်းသာ သိထားပါသည်။ ယင်းကော်မရှင်၏ လုပ်ထုံးလုပ်နည်း၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို အများပြည်သူသိအောင် တရားဝင်ထုတ်ပြန်သတင်းပေးခြင်း မရှိပေ။ အထူးသဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရသူများ သိရှိရအောင် ထုတ်ပြန်ခြင်းမရှိပေ။ ရရှိသမျှ သတင်းအချက်အလက်မှာ တို့ကနန်းဆိတ်ကနန်းသာဖြစ်ပြီး ကြေညာချက်အမျိုးမျိုး၊ အင်တာဗျူးအမျိုးမျိုးတို့မှ စုစည်းရယူထားခြင်းဖြစ်သည်။ NHRC ဖွဲ့စည်းတည်ထောင်သည့် ဖြစ်စဉ်တခုလုံးမှာ ပွင့်လင်းမြင်သာမှုလုံးဝမရှိသဖြင့် ပိတ်ဆို့ဒဏ်ခတ်မှုများ ရုပ်သိမ်းဖို့ အစိုးရကကြိုးပမ်းနေချိန်၌ နိုင်ငံတကာ အသိုင်းအဝိုင်းကို ချွေးသိပ်နှစ်သိမ့်ရန်ရည်ရွယ်သော အနှစ်သာရ ကင်းမဲ့လှသည့် လုပ်ကွက်တခုမျှသာဖြစ်သည်ဟု ရှုတ်ချပြောဆိုနေကြမှုများ မှန်ကန်ကြောင်းဖော်ပြနေသည်။

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌဦးဝင်းမရက ကော်မရှင်ကို ပါရီအခြေခံမူများနှင့်အညီ တည်ထောင်ထားသည်ဟု ဆိုနေသော်လည်း[1] ကျွန်ုပ်တို့ စုစည်းရနိုင်သမျှ အချက်အလက်အနည်းအကျဉ်းအရပင်လျှင် ကော်မရှင်၏လွတ်လပ်မှုနှင့် ကိုယ်ပိုင်ရပ်တည်ချက်တို့အပေါ် ကြီးကြီးမားမားမယုံသင်္ကာဖြစ်မှု ဖြစ်ပေါ်စေလောက်ပြီး ပါရီမူများကို တိတိလင်းလင်း ဖောက်ဖျက်နေကြောင်း ပြသနေသည်။

သို့ဖြစ်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကော်မရှင်သည် ထိရောက်၍လွတ်လပ်ပြီး ပါရီမူများနှင့်ကိုက်ညီကြောင်း သက်သေမပြနိုင်သရွေ့ ဤစာတမ်းတွင် ဖော်ညွှန်းထားသည့် စိုးရိမ်ပူပန်ဖွယ်ပြဿနာရပ်များအပေါ် အစိုးရကိုလည်းကောင်း၊ ကော်မရှင်ကိုလည်းကောင်း အမြဲတစေထောက်ပြတွန်းအားပေးရန် ကျွန်ုပ်တို့မှ ဆော်ဩလိုက်ပါသည်။

---

[1] "We won't be influenced by the govnt", The Myanmar Times, 19 September 2011

## မြန်မာနိုင်ငံမှ NHRC သည် ပါရီမူများနှင့်မကိုက်ညီ

ပါရီအခြေခံမူများ[2]ကို ၁၉၉၃ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုချမှတ်ခဲ့ပြီး ယခုအခါတွင် အမျိုးသားလူ့ အခွင့်အရေးဌာနတခု၏ လွတ်လပ်မှုနှင့် ထိရောက်မှုတို့ကို တိုင်းတာသတ်မှတ်ရာတွင် အသုံးပြုသည့် နိုင်ငံတကာစံချိန်စံညွှန်းများအဖြစ် ကျယ်ကျယ် ပြန့်ပြန့်လက်ခံထားသည်။ အမျိုးသားလူ့အခွင့်အရေး ဌာနများထဲတွင် ကြားနာစစ်ဆေးရေးအရာရှိ (ombudsmen) နှင့် အမျိုးသားလူ့အခွင့်အရေး ကော်မရှင် စသည့်သဏ္ဍာန်အမျိုးမျိုးသော နိုင်ငံလုံး ဆိုင်ရာအဆောက်အအုံများ ပါဝင်ကြသည်။ ပါရီမူ ဆိုသည်မှာ အမျိုးသားလူ့အခွင့်အရေးဌာနတခု အနေဖြင့် အခြားအလားတူဌာနများနှင့် ကုလသမဂ္ဂ ယန္တရားကြီးတို့က ယုံကြည်လက်ခံနိုင်စေဖို့ အနိမ့်ဆုံး ပြည့်စုံရမည့် အကြောင်းအချက်များဖြစ်သည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် - လူ့အခွင့် အရေးမဟာမင်းကြီးရုံး (UNDP-OHCHR) တို့က ၂၀၁၀ ခု ဒီဇင်ဘာလ၌ ထုတ်ဝေခဲ့သော အမျိုးသားလူ့ အခွင့်အရေးဌာနများနှင့် တွဲဖက်ဆောင်ရွက်ရေး အထောက်အကူပြုလမ်းညွှန်တွင် ပါရီမူများထဲ၌ ဖော်ပြထားသည့် ထိရောက်မှုနှင့်လွတ်လပ်မှုအတွက် လိုအပ်ချက်များကို မည်သို့ဖြည့်ဆီးနိုင်မည်ကို ဖော်ပြထားသည်။[3]

### *အခြေခံဥပဒေစာသား သို့မဟုတ် ဥပဒေပြုစာသားဖြင့် ချမှတ်ထားသည့် ရှင်းလင်းတိကျ ကျယ်ပြန့်သော အခွင့် အာဏာ*

*"[…] အခြေခံဥပဒေစာသား သို့မဟုတ် ဥပဒေပြုစာသား ဖြင့် ချမှတ်ထားသည့်"*

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)- လူ့အခွင့် အရေးမဟာမင်းကြီးရုံး (OHCHR) အထောက် အကူပြုလမ်းညွှန်အရ လူ့အခွင့်အရေးအဖွဲ့အစည်း တရပ်၏ အခွင့်အာဏာကို အခြေခံဥပဒေ (သို့မဟုတ်) ဥပဒေ ပြဋ္ဌာန်းချက်ဖြင့်သတ်မှတ်ပေးရန် အရေးကြီးသည်။ သို့မှသာ ယင်းအဖွဲ့အစည်း အခွန့်ရှည်မှုနှင့်လွတ်လပ်မှု တို့အားကောင်းမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ရွေးကောက်ခံအရာထမ်းများက

### အနှစ်ချုပ်

အမျိုးသားလူ့အခွင့်အရေးကော်မရှင် ထူထောင်ခြင်း သည် နိုင်ငံတကာအသိုင်းအဝိုင်းကို စည်းရုံးရန် ရည်ရွယ် သည့် လူထုဆက်ဆံရေးမဟာဗျူဟာ၏ အစိတ်အပိုင်းမျှ သာဖြစ်ပုံရသည်။

မြန်မာကော်မရှင်၏ အခွင့်အာဏာကို တိကျရှင်းလင်းစွာ သတ်မှတ်မထားဘဲ လူ့အခွင့်အရေးစံနှုန်း များကို ချိုးဖောက်နေပြီး အစိုးရအရာရှိများ ကျူးလွန်သော လူ့အခွင့်အရေးဖောက်ဖျက်မှုများအတွက် ပြစ်ဒဏ်လွတ် ငြိမ်းခွင့်ကို အာမခံပေးထားသည့် ၂၀၀၈ အခြေခံဥပဒေပေါ် အခြေခံထားသည်။

ကော်မရှင်ကို အစိုးရထုတ်ပြန်ကြေညာချက် ၃၄/ ၂၀၁၁ ဖြင့်ဖွဲ့စည်းခဲ့ပြီး ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ကော်မရှင်ကိုယ်တိုင်၏ ကြေညာချက်တခုဖြင့် ထုတ်ပြန်ဖော်ပြ ခဲ့သည်။

ကော်မရှင်အဖွဲ့ဝင်များကို သမ္မတသိန်းစိန်က အစိုးရအဖွဲ့ ထုတ်ပြန်ကြေညာချက်နောက်တခုဖြင့် ခန့်အပ်ခဲ့ပြီး အဖွဲ့ဝင် အားလုံးမှာ "အငြိမ်းစား" အစိုးရဝန်ထမ်းများဖြစ်ပြီး စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းကို ကာ ကွယ်ပေးခဲ့သည့် အတိတ်သမိုင်းကြောင်း ရှိကြသည်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်တခုမျှ အများပြည်သူအနေ ဖြင့်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ အနေဖြင့်လည်းကောင်း လွယ်လင့်တကူ ရှာဖွေလေ့လာနိုင်သည့် အခြေအနေတွင်မရှိပေ။

ဤအချက်အားလုံးမှာ အမျိုးသားလူ့အခွင့်အရေးကော်မ ရှင်များကို လွတ်လပ်မှုနှင့် ကိုယ်ပိုင်ရပ်တည်မှုတို့ ရှိအောင် အာမခံချက်ပေးထားသော ပါရီမူများကို ပေါ်ပေါ်ထင်ထင်ချိုးဖောက်ခြင်းဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကော်မရှင်သည် ထိရောက်၍လွတ်လပ်ပြီး ပါရီမူများနှင့် ကိုက်ညီ ကြောင်း သက်သေမပြနိုင်သရွေ့ ဤမိတ်ဆက်စာတမ်း တွင် ဖော်ညွှန်းထားသည့် စိုးရိမ်ပူပန်ဖွယ်ပြဿနာရပ်များ အပေါ် အစိုးရကိုလည်းကောင်း၊ ကော်မရှင်ကိုလည်းကောင်း အမြဲတစေ ထောက်ပြတွန်းအားပေးသင့်ပါသည်။

---

[2] 48th Session of the United Nations General Assembly, A/Res/48/134, 20 December 1993
[3] UNDP-OHCHR Toolkit for collaboration with National Human Rights Institutions, December 2010

အတည်ပြုထားသောဥပဒေဖြင့် အမျိုးသားလူ့အခွင့်အရေးဌာန၏ အခွင့်အာဏာကို ပြဋ္ဌာန်းထားခြင်းသည် ပေါ်လွင်မှုနှင့် ပွင့်လင်းမြင်သာမှုကိုလည်း တိုးတက်စေသည်။ ယင်းဌာန မည်သည့်အရာများ လုပ်ဆောင်ရမည်ကိုလည်းကောင်း၊ မည်သည့်အာဏာရပ်များရှိသည်ကိုလည်းကောင်း ရှင်းလင်းထားသည့်စာသားကို အများပြည်သူတို့က လေ့လာသိရှိနိုင်သည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်အကြောင်း ရည်ညွှန်းချက်များ မပါရှိပေ။ ကော်မရှင်ကို အစိုးရထုတ်ပြန်ကြေညာချက် ၃၄/၂၀၁၁[4] ဖြင့်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်ကိုယ်တိုင်ထုတ်ပြန်ခဲ့သည့် ကြေညာချက်တခုတွင် ၎င်း၏အခွင့်အာဏာကို သတ်မှတ်ဖော်ပြခဲ့သည်။ ဤသည်မှာ နိုင်ငံတကာ အမျိုးသားလူ့အခွင့်အရေးဌာနများ ဆက်စပ်ညှိနှိုင်းရေးကော်မတီ (ICC) ၏ အရည်အချင်းသတ်မှတ်ရေးဆပ်ကော်မတီနှင့် လုံးဝဆန့်ကျင်ဖက် ဖြစ်နေသည်။ ယင်းဆပ်ကော်မတီ၏ အထွေထွေလေ့လာသုံးသပ်ချက်တွင် "အုပ်ချုပ်ရေးကဏ္ဍကိရိယာတခုမှ NHRI ကို ဖန်တီးတည်ထောင်ခြင်းသည် အခွင့်ရှည်တည်တန့်မှုနှင့် လွတ်လပ်မှုတို့ကို အာမခံနိုင်ရန် မလုံလောက်[5]" ဟု ဆိုထားသည်။

ကော်မရှင်တည်ထောင်မှု (သို့မဟုတ်) ၎င်း၏အခွင့်အာဏာ ဖွင့်ဆိုသတ်မှတ်ချက်တို့နှင့်ပတ်သက်၍ လွှတ်တော်က မည်သည့်ဥပဒေကြောင်းခြေလှမ်းကိုမှ မလှမ်းခဲ့ပေ။ မည်သည့်ညှိနှိုင်းဆွေးနွေးပွဲကိုမှလည်း အစိုးရက စီစဉ်ကျင်းပခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ကော်မရှင်၏လုပ်ရပ်များကို အများပြည်သူဆိုင်ရာဥပဒေပြဋ္ဌာန်းချက်ဖြင့် ထောက်ကူပင့်တင်ထားခြင်းမရှိဖို့များသည်ဖြစ်၍ ကော်မရှင်အနေဖြင့် ဥပဒေနှင့်ညီသော ကော်မရှင်ပီသစွာ လွတ်လပ်ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ဖို့ ခဲယဉ်းနေပါသည်။

*" ကျယ်ပြန့်ပြီး ရှင်းလင်းတိကျစွာ ချမှတ်ထားသော လုပ်ပိုင်ခွင့်အာဏာ [...]"*

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာကို ရှင်းလင်းတိကျစွာသတ်မှတ်ထားရန် အလှမ်းဝေးလွန်းလှသေးသည်။ ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာနှင့်ပတ်သက်၍ တခုတည်းသော ရရှိနိုင်သည့် အချက်အလက်မှာ ၎င်းကိုယ်တိုင်ထုတ်ပြန်ထားသည့် ထုတ်ပြန်ကြေညာချက်တိုတစ်ခုသာရှိပြီး ထိုကြေညာချက်တွင် ကော်မရှင်ထံသို့ "လူတဦးချင်းအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ မိမိ၏မူလအခွင့်အရေးများ ချိုးဖောက်ခံရသည့်အခါ တိုင်တန်း" နိုင်ကြောင်း၊ "[...] အကယ်၍ ကော်မရှင်က နိုင်ငံသားတယောက်၏ ဖွဲ့စည်းပုံဥပဒေပါမူလအခွင့်အရေးများ ချိုးဖောက်ခံရသည်မှာ မှန်ကန်ကြောင်းသုံးသပ်ပါက မူလအခွင့်အရေးများကို အားပေးမြှင့်တင်ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း[6]" ပြောထားသည်။ ကော်မရှင်၏အခွင့်အာဏာ၊ လုပ်ထုံးလုပ်နည်းနှင့် တာဝန်ဝတ္တရားတို့နှင့်ပတ်သက်ပြီး အသေးစိတ်ထုတ်ပြန်ဖော်ပြသည့် နောက်ဆက်တွဲဆောင်ရွက်မှုများကို အများပြည်သူသိစေရန် သတင်းပေးထုတ်ပြန်ထားခြင်း မရှိပေ။

ပါရီအခြေခံမူများ၏ ပုဒ်မ(၃)တွင် ကျယ်ပြန့်သည့်လုပ်ပိုင်ခွင့်အာဏာရှိရေးနှင့် ထိရောက်မှုရှိရေးအတွက် အမျိုးသားလူ့အခွင့်အရေးဌာနများ လုပ်ဆောင်ကျင့်ကြံသင့်သည့် အနိမ့်ဆုံးတာဝန်ဝတ္တရားများနှင့် လုပ်ရပ်များကို ဖော်ပြပေးထားသည်။ ယင်းဖော်ပြချက်ပါ လုပ်ရပ်များထဲတွင် နိုင်ငံတော်ဥပဒေပြုရေး၊ စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်စဉ်များကို အားပေးမြှင့်တင်ရန်နှင့် လိုက်လျောညီထွေမှုရှိရေး အာမခံရန်တို့အပြင် လူ့အခွင့်အရေးကိရိယာများကို အတည်ပြုလက်မှတ်ရေးထိုးရေး အားပေးလှုံ့ဆော်ရန် စသည်တို့ပါဝင်သည်။ မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခွင့်အာဏာမှာ ကျယ်ပြန့်သင့်သလောက်ကျယ်ပြန့်ဖို့နေနေသာသာ ကော်မရှင်၏ထုတ်ပြန်ချက်အရ ၎င်းလုပ်ဆောင်လှုပ်ရှားနိုင်သည့် တခုတည်းသောနည်းလမ်းမှာ တိုင်တန်းမှုများလက်ခံရရှိခြင်းသာဖြစ်၍ ထိရောက်

---

[4] "Myanmar National Human Rights Commission formed“, The New Light of Myanmar, 6 September 2011

[5] ICC Sub-Committee on Accreditation, General Observations, June 2009

[6] “The Republic of the Union of Myanmar: Myanmar National Human Rights Commission - Accepting of complaint”, The New Light of Myanmar, 7 October 2011

သည့် အမျိုးသားလူ့အခွင့်အရေးဌာနများ လုပ်ဆောင်ကျင့်ကြံရမည့် အနိမ့်ဆုံးတာဝန်ဝတ္တရားများစာရင်းပါ ခေါင်းစဉ်အများစုကို အကောင်အထည်မဖော်နိုင်အောင် အတားအဆီး ဖြစ်နေသည်။

*"အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများအပေါ် အခြေခံသည့် အခွင့်အာဏာ"*

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) - လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR ) အထောက်အကူပြုလမ်းညွှန်သည် အပြည့်အဝလှုပ်ရှားလည်ပတ်သည့် အမျိုးသားလူ့အခွင့်အရေးဌာနတခုအတွက် စံသတ်မှတ်ချက်အဖြစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများအပေါ်အခြေခံသည့် အခွင့်အာဏာကို ဖော်ပြသတ်မှတ်ထားသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခွင့်အာဏာမှာမူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံသောကြောင့် ပြည်သူ့အခြေခံလူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုသည့် အခွင့်အာဏာ မဟုတ်ပေ။ ၂၀၀၈ အခြေခံဥပဒေကိုယ်၌က မြန်မာပြည်သူတို့၏ ရပိုင်ခွင့်များကို ချိုးဖောက်နေပြီး အစိုးရအနေဖြင့် အာဏာဆက်လက်ဆုပ်ကိုင်နိုင်ရေးနှင့် ပြည်သူလူထုကို ဖိနှိပ်ရေးအတွက် သုံးစွဲသည့်ကရိယာတခု ဖြစ်နေသည်။ ဥပမာအားဖြင့် အခြေခံဥပဒေ ပုဒ်မ ၄၄၅ တွင် အစိုးရအရာရှိများ တာဝန်ထမ်းဆောင်နေစဉ် ကျူးလွန်သည့် မည်သည့်ပြစ်မှုကိုမဆို လွတ်ငြိမ်းခွင့်ပေးထားသည်။ ထို့ကြောင့် နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးနှိပ်စက်ခဲ့သည့် ထောက်လှမ်းရေးအကြီးအကဲသည်လည်းကောင်း၊ ဆောက်လုပ်ရေးစီမံကိန်းများအတွက် အဓမ္မလုပ်အားပေး ခိုင်းစေခဲ့သည့် စစ်တပ် တပ်မှူးသည်လည်းကောင်း ပြစ်ဒဏ်ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး ကော်မရှင်က တရားစွဲဆိုမှာ (သို့မဟုတ်) တာဝန်ရှိကြောင်းစွဲချက်တင်မှာကို စိုးရိမ်စရာမလိုဘဲ ဆိုးသွမ်းလှသောပြစ်မှုများကို လွတ်လွတ်လပ်လပ် ဆက်လက် ကျူးလွန်နိုင်မည်ဖြစ်သည်။[7] ထို့ကြောင့် ကော်မရှင်သည် မြန်မာနိုင်ငံတွင် ယင်းသို့သောမတရားမှုများ အဓိကလုပ်ဆောင်နေသည့် အစိုးရအရာရှိများကကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တခုမှ ကိုင်တွယ်နိုင်သည့် အနေအထား ရှိမည်မဟုတ်ပေ။

မြန်မာနိုင်ငံကော်မရှင်၏ အခွင့်အာဏာသည် ရှင်းလင်းတိကျမှုလည်းမရှိ၊ ကျယ်ပြန့်မှုလည်းမရှိ၊ ဥပဒေပြုပြဋ္ဌာန်းထားခြင်းလည်းမရှိ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများအပေါ် အခြေခံထားခြင်းလည်းမရှိ၊ ထို့ကြောင့် ပါရီအခြေခံမူများကို ဖောက်ဖျက်နေ၏။

***လုပ်ငန်းပိုင်းလွတ်လပ်မှု နှင့် ဘဏ္ဍာရေးလွတ်လပ်မှု***

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) - လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR) အထောက်အကူပြုလမ်းညွှန်အရ လုပ်ငန်းပိုင်းလွတ်လပ်မှုဆိုသည်မှာ အဖွဲ့အစည်းအနေဖြင့် မိမိကိုယ်ပိုင်လုပ်ထုံးလုပ်နည်း စည်းမျဉ်းများကို ရေးဆွဲနိုင်ခွင့်ရှိရေးကို ဆိုလိုသည်။ ဤရေးဆွဲခွင့်ကို ပြင်ပအာဏာပိုင်ကအတည်ပြုမှု သို့မဟုတ် ကြိုတင်ခွင့်ပြုချက်ပေးမှု မရှိစေရ။ သို့သော် မြန်မာနိုင်ငံတွင် ကော်မရှင်ဥက္ကဋ္ဌဦးဝင်းမရက ကော်မရှင်၏ဖွဲ့စည်းမှု ပဋိညာဉ်စာတမ်း ရေးဆွဲခြင်းလုပ်ငန်းအကြောင်းကို ယခုလိုရှင်းပြခဲ့သည်။

> "ကျနော်တို့ အခြေခံဖွဲ့စည်းမှုပဋိညာဉ်စာတမ်း ရေးဆွဲပြီးရင် အစိုးရဆီပို့ပြီး အတည်ပြုချက်ယူပါမယ်။ အဲဒါပြီးရင်တော့ တိုင်တန်းမှုတွေ စလက်ခံလို့ရပါပြီ။ ကျနော်တို့ရဲ့ ပဋိညာဉ်စာတမ်း အသက်ဝင်လာဖို့ အာဏာပိုင်တွေရဲ့ တရားဝင်အတည်ပြုချက် လိုပါတယ်။"[8]

အမျိုးသားလူ့အခွင့်အရေးဌာနတခု၏ လုပ်ငန်းပိုင်းလွတ်လပ်မှုကို စစ်ဆေးနိုင်သည့် နောက်ထပ်စံသတ်မှတ်ချက်မှာ နိုင်ငံ့လွှတ်တော်သို့ အစီရင်ခံရခြင်းဖြစ်သည်။ မြန်မာ့လွှတ်တော်သည် ကော်မရှင်တည်ထောင်ရာ၌သော်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ရာ၌သော်လည်းကောင်း ပါဝင်ပတ်သက်ခြင်းမရှိသဖြင့် ကော်မရှင်အနေဖြင့် လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် အလားအလာ အလွန်နည်းသည်။ ယနေ့ထက်တိုင် လွှတ်တော်က ကော်မရှင်

---

[7] "Revealing Burma's System of Impunity", Burma Lawyers' Council, September 2011

[8] "We won't be influenced by the govnt", The Myanmar Times, 19 September 2011

ကိစ္စကို မကိုင်တွယ်မဆွေးနွေးဘဲ ကော်မရှင်ကလည်း လွှတ်တော်နှင့်ဆက်ဆံရေးကို ဖော်ထုတ်ပြောဆိုခြင်း မရှိပေ။ ထို့အပြင် အရေးကြီးသည်မှာ လက်ရှိလွှတ်တော်ကို စစ်တပ်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အမတ်များနှင့် ခန့်အပ်ခံစစ်တပ်အရာရှိများက ကြီးစိုးထားကြောင်း သတိပြုဖို့လိုသည်။

ဘဏ္ဍာရေးလွတ်လပ်မှုနှင့်ပတ်သက်၍ ရန်ပုံငွေထောက်ပံ့မှုသည် အမျိုးသားလူ့အခွင့်အရေးဌာနကို ကိုယ်ပိုင်သီးသန့် အဆောက်အဦးအကွက်အကွင်းနှင့် ဝန်ထမ်းရှိနိုင်လောက်အောင် လုံလောက်ရမည်ဟု ပါရီမူများက သတ်မှတ်ထား သည်။ သို့မှသာ အခြားအစိုးရအဖွဲ့အစည်းများ ဌာနများနှင့် ကင်းလွတ်ရပ်တည်နိုင်မည်ဖြစ်သည်။ ယခုအထိမူ မြန်မာနိုင်ငံကော်မရှင်ကို ရန်ပုံငွေထောက်ပံ့မှုနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မှ မသိရပေ။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဆိုသည်မှာ အဆောင်အယောင်မျှသာဖြစ်ပြီး လက်တွေ့လည်ပတ် လုပ်ရှားသည့် အဖွဲ့အစည်းတခုဖြစ်လာဖို့ မရည်ရွယ်ကြောင်း ယူဆချက် ပိုခိုင်မာလာစေသည်။

***လွတ်လပ် ပွင့်လင်းမြင်သာပြီး ပြည့်စုံခြုံငုံမှုရှိသည့် ခန့်အပ်မှုဖြစ်စဉ် နှင့် အလွှာစုံဖွဲ့စည်းမှု***

အမျိုးသားလူ့အခွင့်အရေးဌာနတခု၏ လွတ်လပ်မှုနှင့်ထိရောက်မှုကို တိုင်းတာဆုံးဖြတ်သည့်အခါ ပါရီမူများက ကော်မ ရှင်အဖွဲ့ဝင်များ အဆိုပြုခန့်အပ်ခြင်းဖြစ်စဉ်နှင့် ကော်မရှင်ဖွဲ့စည်းရာ၌ အလွှာစုံစနစ် Pluralism ရှိခြင်းမရှိခြင်းကို ကြည့်သည်။ လူရွေးချယ်ခန့်အပ်မှုဖြစ်စဉ်သည် လွတ်လပ်မှုနှင့်ထိရောက်မှုအတွက် အာမခံချက်အဖြစ် အထူးအရေး ကြီးကြောင်း ICC အရည်အချင်းသတ်မှတ်ရေးဆပ်ကော်မတီ၏ အထွေထွေလေ့လာသုံးသပ်ချက်ထဲတွင်လည်း ဖော်ပြထားသည်။

ပါရီအခြေခံမူများနှင့် UNDP - OHCHR ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့်ဖြုတ်ချခြင်းတို့ကို ထိန်းချုပ်သော အကြောင်းအချက်များမှာ ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်သည်။ သို့ဖြစ်၍ ယင်းအချက်တို့ကို အမျိုးသားလူ့အခွင့် အရေးဌာန တည်ထောင်သည့်ဥပဒေထဲ သတ်မှတ်ထည့်သွင်းထားရမည်ဖြစ်သည်။ ဤအထဲတွင် ခန့်အပ်ပုံနည်းနာ၊ ခန့်အပ်မှုစံသတ်မှတ်ချက်၊ ခန့်အပ်သက်တမ်းနှင့် ဖြုတ်ပယ်မှုနည်းလမ်းတို့ကို ရှင်းလင်းထားရမည်။ မြန်မာနိုင်ငံ ကော်မရှင်တွင်မူ ဤအချက်အလက်များ ထုတ်ပြန်ထားခြင်းမရှိဘဲ အဖွဲ့ဝင်များခန့်အပ်မှုကိုလည်း ဖွဲ့စည်းတည်ထောင် သည့်အစိုးရ၏ ထုတ်ပြန်ကြေညာချက်ထဲ တပါတည်းထည့်သွင်းထားပြီး မည်သည့်နည်းနာဖြင့် ရွေးချယ်သည်ကို ရှင်းပြထားခြင်းမရှိပေ။

ထိုမျှမက ခန့်အပ်မှုနည်းလမ်းတွင် လွှတ်တော်က ပါဝင်ပတ်သက်ရမည်ဖြစ်သလို အရပ်ဖက်လူထုအခြေပြုအသင်း အဖွဲ့ကိုယ်စားလှယ်များကလည်း အရေးပါမှုရှိရှိ ပါဝင်ပြောဆိုခွင့် မုချရှိရမည်ဖြစ်သည်။ အင်တာဗျူးတခုတွင် ကော်မရှင် ဥက္ကဌ ဦးဝင်းမရ က "လက်ရှိအဖွဲ့ဝင်တွေကို သမ္မတကရွေးချယ်ပါတယ်"[9] ဟု ပြောခဲ့သည်။ လွှတ်တော်၊ အရပ်ဖက် လူထုအခြေပြုအသင်းအဖွဲ့များနှင့် မီဒီယာတို့မှာ ကော်မရှင်တည်ထောင်မှုအကြောင်းနှင့် အဖွဲ့ဝင်လူကြီးများအကြောင်း အစိုးရကြေညာချက်ထုတ်မှသာ သိရှိရသည်။ ဤသည်မှာ ပါရီမူများကို လုံးဝလျစ်လျူရှုခြင်းဖြစ်သည်။

နောက်ဆုံးပြောရလျှင် ပါရီမူများအရ အဖွဲ့ဝင်များ၏အရည်အချင်းသည် အမျိုးသားလူ့အခွင့်အရေးဌာန၏ ဂုဏ်သိက္ခာ နှင့် ထိရောက်မှုတို့အတွက် အချက်အခြာကျလှပြီး ၎င်းတို့၏အစွမ်းအစပေါ်မူတည်အကဲဖြတ်သည့် ရှင်းလင်းရေရာ သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်အပ်ရမည်ဖြစ်သည်။ အဖွဲ့ဝင် (၁၅) ဦးပါ မြန်မာကော်မရှင်တွင် နိုင်ငံတကာ လူ့အခွင့်အရေးကို ကောင်းကောင်းကြီးနားလည်သည့် ယခင် နအဖ သံအမတ်ဟောင်းများပါသလို လူ့အခွင့်အရေးကို အနည်းအကျဉ်းမျှသာသိရှိသည့် အငြိမ်းစားအစိုးရဝန်ထမ်းများလည်း ပါဝင်သည်။ ပါရီမူများက သတ်မှတ်ထားသလို NGO များ၊ အလုပ်သမားသမဂ္ဂများ၊ ပညာရှင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ကော်မရှင်ထဲတွင် မပါဝင်ချေ။ ကော်မရှင်အဖွဲ့ဝင်များအကြောင်းနှင့် ၎င်းတို့ကိုခန့်အပ်ပုံအကြောင်း ထည့်သွင်းစဉ်းစားပြီး ကော်မရှင်ဖွဲ့စည်းမှုကိုကြည့်

---

[9] "We won't be influenced by the govnt", The Myanmar Times, 19 September 2011

လျှင် ဤကော်မရှင်သည် မြန်မာနိုင်ငံ၏ ထိတ်လန့်တုန်လှုပ်ဖွယ် လူ့အခွင့်အရေးမတရားမှုများမှတ်တမ်းကို ထုံးသုတ်မိတ်ကပ်လိမ်းဖို့ ကရိယာအဖြစ်သာ အကျိုးပြုလိမ့်မည်မှာ ရှင်းလင်းနေသည်။

ဦးဝင်းမရ (ဥက္ကဌ)

ဦးဝင်းမရသည် အငြိမ်းစားအချိန်ပြည့်သံတမန်တစ်ဦးဖြစ်သည်။ ၁၉၉၄ ခုနှစ်မေလမှ ၂၀၀၁ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ၏အမြဲတမ်းကိုယ်စားလှယ် ဖြစ်ခဲ့သည်။ နယူးယောက်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ် ၎င်းသည် စစ်အစိုးရအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို (၇) နှစ်တိုင်တိုင် ပုံမှန်ကာကွယ်ပေးခဲ့သည်။

ဥပမာပြရလျှင် ၁၉၉၇ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းနှင့်ပတ်သက်၍ (၅၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီသို့ ထုတ်ပြန်ပြောကြားချက်တွင် ၎င်းက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်းငြင်းဆိုခဲ့သည်။ ၎င်းက --

> "ဤနေရာတွင် ကျနော်ထပ်လောင်းပြောလိုသည်မှာ မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်နှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတို့၌ ဖော်ကျူးထားသော အခြေခံမူများကို ရပ်ခံကိုင်စွဲထားသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပေါ်လစီတရပ်အဖြစ် ခွင့်ပြုထားခြင်း မရှိပါ။"[10]

၎င်းကဆက်လက်၍ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိကြောင်း ပြောကြားရာ --

> "ဥပဒေအရ အပြစ်ပေးနိုင်သည့် ပြစ်မှုများကျူးလွန်သူ မည်သူမျှ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိပါ။ အစိုးရဝန်ထမ်းများအတွက် ယင်းသို့သောအခွင့်ထူး ရှိနေသည်ဟုဆိုခြင်းမှာ လုံးဝမှားယွင်းနေပြီး လုံးဝလက်မခံနိုင်စရာဖြစ်သည်။"

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်သည့် စစ်ဗိုလ်ချုပ်များနှင့်အစိုးရအရာရှိများ ပြစ်ဒဏ်မခံရခြင်းမှာ ကျော်စောလှသည်။ ကော်မရှင်တည်ထောင်မှုကြောင့် မတရားမှုကျူးလွန်သူများကို တကယ့်လက်တွေ့ကိုင်တွယ်အရေးယူမည့် အဖွဲ့အစည်းတခု ဖြစ်လာနိုင်သည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် ယင်းအဖွဲ့အစည်း၏ ဥက္ကဌကိုယ်တိုင်က နိုင်ငံတွင်း၌ ပြစ်ဒဏ်ကင်းလွတ်မှုရှိနေကြောင်းကိုပင် ငြင်းပယ်နေပါက ကော်မရှင်သည် ၎င်း၏တာဝန်ဝတ္တရားများကို လွတ်လပ်စွာမထမ်းဆောင်နိုင်ကြောင်း ရှင်းရှင်းလင်းလင်းပြသနေသည်။

နောက်ထပ် ဝမ်းနည်းဖွယ်ဥပမာမှာ ၂၀၀၁ ခုနှစ် ဇွန်လ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံနှစ်ပတ်လည်အစည်း အဝေးတွင် ဦးဝင်းမရက နိုင်ငံထဲ၌ လူ့အခွင့်အရေးမတရားမှုများ ပေါ်ပေါက်မှုမရှိကြောင်း တောက်လျှောက်ငြင်းဆို ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုမရှိဟု ဂျနီဗာညီလာခံတွင် ငြင်းဆိုခဲ့သည်။[11] ထို့အပြင် ၂၀၀၄ ခုနှစ် မေလက ကုလသမဂ္ဂကလေးအခွင့်အရေးကော်မတီ အစည်းအဝေးတခုတွင် ၎င်းက မြန်မာပြည်တွင် ဘာသာရေးခွဲခြားမှုမရှိကြောင်းနှင့် ရိုဟင်ဂျာဆိုသည့်လူမျိုး မရှိကြောင်း ပြောခဲ့သေးသည်။[12] ပါရီအခြေခံမူများ ပုဒ်မ (၃) တွင် အမျိုးသားလူ့အခွင့်အရေးဌာနများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားရာ၌ ယင်းဌာနများသည် "လူ့အခွင့် အရေးအစီရင်ခံစာများနှင့် ခွဲခြားဆက်ဆံမှုသဏ္ဍာန်အားလုံးတိုက်ဖျက်ရေး၊ အထူးသဖြင့် လူမျိုးခွဲခြားမှု [...] တိုက်ဖျက် ရေးကြိုးပမ်းချက်များကို အများပြည်သူသို့ထုတ်ပြန်" ရမည်ဟု ပြောထားသည်။

ဦးကျော်တင့်ဆွေ (ဒုဥက္ကဌ)

---

[10] UNGA, 52nd session, Statement by H.E. U Win Mra, Permanent Representative of the Union of Myanmar to the UN, on the Draft Resolution A/C.3/52.L. 63 “Situation on Human Rights in Burma”, 24 November 1997
[11] New York Times (04 Jul 01) But Government Maintains No Abuses Exist: Burma Pledges to Help on Forced Labour Issue
[12] 36th session, Summary Record of the 960th Meeting: Myanmar, 06 June 2004, UN Doc CRC/C/SR. 960

ဦးကျော်တင့်ဆွေမှာလည်း သက်တမ်းတလျှောက်လုံး သံတမန်လုပ်ခဲ့သူတဦးဖြစ်ပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ သံအမတ်အဖြစ် ဦးဝင်းမရကိုဆက်ခံပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ လုပ်ကိုင်ခဲ့သူဖြစ်သည်။ ဤရာထူး၌ တာဝန်ထမ်းဆောင်နေစဉ် ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံသည် "စနစ်တကျသတင်းပုံဖျက်ကမ်ပိန်း" တရပ်၏ သားကောင်ဖြစ်နေသည်ဟု မကြာခဏပြောဆိုခဲ့သည်။[13] ၂၀၀၃ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီသို့ ထုတ်ပြန်ပြောကြားချက်တွင် ၎င်းက စစ်အစိုးရသည် ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုတွင် လုံးဝပတ်သက်မှုမရှိဟု ငြင်းဆိုခဲ့သည်။[14] ယင်းမိန့်ခွန်းတွင်ပင် ၎င်းက ရှမ်းပြည်နယ်နှင့် အခြားပြည်နယ်များတွင် ဗမာ့တပ်မတော်က အရပ်သားများအပေါ် မုဒိန်းမှုနှင့် အခြားမတရားမှုများ ကျူးလွန်ကြောင်း စွပ်စွဲချက်များကို တုန့်ပြန်သည့်အနေနှင့် "ဤစွပ်စွဲချက်များကို ငွေကြေးအင်အားကောင်းသော NGO ကြီးနှစ်ခုက သေးသိမ်ယုတ်ညံ့စွာလုပ်ကြံဖန်တီးခြင်း ဖြစ်ကြောင်း ကျနော်ထပ်လောင်းပြောကြားအပ်ပါသည်" ဟု ဆိုခဲ့သည်။

ဆက်လက်၍ ၎င်းက --

> "ဆုံးဖြတ်ချက်မူကြမ်း၌ ကျနော့်နိုင်ငံတွင် လူ့အခွင့်အရေးများ စနစ်တကျချိုးဖောက်နေသည်ဆိုသည့် အထောက်အထားမခိုင်လုံသော စွပ်စွဲချက်ကို ထပ်မံထည့်သွင်းထားပြန်သည်။ ဤသည်မှာ ပကတိအခြေအနေနှင့် လုံးဝကွဲလွဲနေသည်။ ကျနော့်အစိုးရသည် ဖွံ့ဖြိုးတိုးတက်ခွင့်အပါအဝင် ကျနော်တို့ပြည်သူများ၏ လူ့အခွင့်အရေးများ မြှင့်တင်နိုင်ရန် အားကြိုးမာန်တက် ဆောင်ရွက်နေကြောင်း ကျနော်ထပ်လောင်းပြောချင်ပါသည် ဟုပြောခဲ့သည်။"

မြန်မာ့တပ်မတော်က ကလေးစစ်သားများ စုဆောင်းနေကြောင်း စွပ်စွဲချက်များကိုလည်း ၎င်းက "မြန်မာနိုင်ငံတွင် စစ်မှုမထမ်းမနေရစနစ်လည်းမရှိ၊ အဓမ္မစစ်သားကောက်မှုလည်းမရှိပါ" ဟုငြင်းဆန်ခဲ့သည်။

ပါရီမူပုဒ်မ (၃) အရ အဖွဲ့အစည်းတခု၏ လုပ်ငန်းပိုင်းအခွင့်အာဏာထဲရှိရမည့် တာဝန်ဝတ္တရားများထဲတွင် "ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကော်မတီများသို့ [...] နိုင်ငံများကတင်သွင်းရန်လိုသည့် အစီရင်ခံစာများအတွက် ပံ့ပိုးရန်" ဟုပါဝင် သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့က မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပျက်ကြောင်းကို တောက်လျှောက်ငြင်းဆိုပြီး ကုလသမဂ္ဂရှေ့မှောက်၌ စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အမြဲတစေကာ ကွယ်ပေးခဲ့မှုအရ ကော်မရှင်သစ်သည် တိုင်းပြည်၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ မှန်ကန်တိကျပြီး လွတ်လပ်သည့်အစီရင်ခံစာများ ပေးပို့ဖို့အလားအလာ မရှိပေ။

အခြားကော်မရှင်အဖွဲ့ဝင်များထဲတွင် ၁၉၇၁ ခုမှစ၍ စစ်ထဲဝင်ခဲ့သည့် မြန်မာ့တပ်မတော် ဗိုလ်မှူးချုပ်ဟောင်းလှမြင့်နှင့် ဗမာ့တပ်မတော်ဗိုလ်ချုပ်ဟောင်းလည်းဖြစ်၊ ၁၉၉၄ နှင့် ၁၉၉၈ အကြား နဝတ ဒုနိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်ခဲ့သည့် ဗိုလ်ချုပ်ဟောင်းညွှန့်ဆွေ တို့ပါဝင်သည်။ ဦးညွှန့်ဆွေသည် ၂၀၀၆-၂၀၀၇ တွင် ဂျနီဗာ၌ ကုလသမဂ္ဂဆိုင်ရာ စစ်အစိုးရလက်ထောက်သံအမတ်အဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်က လူ့အခွင့်အရေးကောင်စီ (၄) ကြိမ်မြောက် အစည်းအဝေး၌ --

---

[13] UNGA, 58th session, Statement by H.E. Kyaw Tint Swe, Permanent Representative of the Union of Myanmar to the UN, on the Draft resolution "Situation on Human Rights in Burma", 23 November 2003; UNGA, 62nd session, Memorandum on the Situation of Human Rights in the Union of Myanmar, prepared by H.E. Kyaw Tint Swe under agenda item 70 (c), 5 November 2007

[14] UNGA, 58th session, Statement by H.E. Kyaw Tint Swe, Permanent Representative of the Union of Myanmar to the UN, on the Draft resolution "Situation on Human Rights in Burma", 23 November 2003

> "အဓမ္မစစ်သားစုဆောင်းမှု ပြုလုပ်ခြင်းမရှိဘဲ တပ်မတော်သားအားလုံး မိမိဆန္ဒသဘောထားအတိုင်း တပ်မတော်ထဲ ဝင်ကြခြင်းဖြစ်သည်။" "မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခ အခြေအနေထဲ ရောက်နေသည့် နိုင်ငံမဟုတ်ပါ" ဟုပြောဆိုခဲ့သည်။"[15]

မြန်မာ့တပ်မတော်မှ အဆင့်မြင့်အရာရှိဟောင်းနှစ်ဦးက ၎င်းတို့ရဲဘော်များ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးဖို့ တွန့်ဆုတ်မည်မှာ သံသယရှိစရာမလိုပေ။ ကော်မရှင်ခေါင်းဆောင်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ငြင်းဆန်နိုင်ရန်နှင့် မတရားမှုကျူးလွန်သူများကို ကာကွယ်နိုင်ရန် အစိုးရ၏ကမ်ပိန်းအဖြစ် ပါဝင်နေကြောင်း ထင်ရှားနေသည်။ ၎င်းတို့အားလုံးမှာ ယခုအခါ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လုပ်ဆောင်မှုများကို တာဝန်ယူနေသည့်အတွက် ၎င်းတို့သည် မိမိတို့တာဝန်များကို ကိုယ်ပိုင်ရပ်တည်မှု လွတ်လပ်မှုဖြင့် ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်စရာအလားအလာ မရှိသလောက် ဖြစ်သည်။

## မြန်မာနိုင်ငံ၏ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သို့မဟုတ် အစိုးရကို အားပေးချီးမြှောက်ပေးသူ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ခဲ့ချိန်မှစ၍ ကော်မရှင်၏အခွင့်အာဏာ၊ တာဝန်ဝတ္တရားများ၊ ထိရောက်မှု သို့မဟုတ် ဘဏ္ဍာရေးတို့နှင့်ပတ်သက်၍ မည်သည့်အသေးစိတ်သတင်းအချက်အလက်မှ မထုတ်ပြန်ခဲ့ပေ။ ဤသို့ အများပြည်သူအားအသိပေးမှု ချို့တဲ့နေသော်လည်း ကော်မရှင်သည် အစိုးရ၏ဒေသနာကို တဆင့်ပြန်ဖောက်သည်ချဖို့ ရည်ရွယ်ပြီး မီဒီယာကမ်ပိန်းတရပ်ဆင်နွှဲခြင်းဖြင့် လုပ်ငန်းစခဲ့သည်။

ကော်မရှင်တည်ထောင်ပြီးချိန်မှစ၍ ကြေညာချက်အတော်များများ ထုတ်ပြန်ခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်၊ နိုဝင်ဘာ ၁၂ ရက် နှင့် ဒီဇင်ဘာ ၃၀ ရက်တို့တွင် ကော်မရှင်သည် နိုင်ငံတကာအသိုင်းအဝိုင်းက "ညွှန်းဆိုထားသည့် ယုံကြည်ချက်အကျဉ်းသားဆိုသူများ" ကိုလွှတ်ပေးရန် အစိုးရအား ဆော်သြခဲ့သည်။[16] သို့သော် ကော်မရှင်သည် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှု မပြုလုပ်ဘဲ အစိုးရပြောသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက် ၅၀၀ ကိုသာ ဆက်လက်အသုံးပြုနေပြီး အစိုးရအာဘော်ကို မိမိအာဘော်အဖြစ် ချမှတ်ကျင့်သုံးနေသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ကော်မရှင်က မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်၌ ဥက္ကဋ္ဌရာထူးပေးရန် အာဆီယံ၏ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ပြီး "မြန်မာနိုင်ငံသည် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌတာဝန်ကိုယူရန် ဆန္ဒရှိကြောင်းနှင့် ယူနိုင်စွမ်းရှိကြောင်း ကော်မရှင်ကသဘောထားပေးသည်" ဟုပြောခဲ့သည်။[17] ယင်းကဲ့သို့ပြုမူခြင်းအားဖြင့် ကော်မရှင်သည် လူ့အခွင့်အရေးနှင့် တိုက်ရိုက်မပတ်သက်သော နိုင်ငံတကာ နိုင်ငံရေးကိစ္စရပ်တခုတွင် အစိုးရကို လူသိရှင်ကြားထောက်ခံပြခဲ့သည်။ ဤသည်မှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အစိုးရက နိုင်ငံတကာ လော်ဘီစည်းရုံးရေးကရိယာတခုအဖြစ် အသုံးပြုနေသည်ကို ရှင်းလင်းစွာပြသနေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက် နိုင်ငံတကာလူ့အခွင့်အရေးနေ့တွင် ကော်မရှင်က အရပ်ဖက်ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ အရေးကြီးမှုကို ရည်ညွှန်းခဲ့သော်လည်း ဤအခြေခံကျသည့်စာချုပ်စာတမ်းနှစ်ခုကို အစိုးရက အတည်ပြုလက်မှတ်ထိုးဖို့ မတောင်းဆိုခဲ့ပေ။ ဤသည်မှာ အစိုးရ မကြာခဏကျင့်သုံးခဲ့သည့်ဗျူဟာမျိုးဖြစ်ပြီး ယခုအခါ ကော်မရှင်က ကျင့်သုံးနေခြင်းဖြစ်သည်။ ၎င်းတို့သည် လေ့လာအကဲခတ်သူများကို လှည့်စားရန် နိုင်ငံတကာလူ့အခွင့်အရေးစကားလုံးများ အသုံးပြုကြသော်လည်း ထိုနိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ ဖြည့်ဆီးနိုင်ဖို့ ကိုယ်တိုင်ကျင့်သုံး ခြင်း သို့မဟုတ် ကျင့်သုံးဖို့တိုက်တွန်းခြင်းများ မပြုလုပ်ကြပေ။

---

15 Statement by the Deputy Permanent Representative U Nyunt Swe, the Union of Myanmar and Leader of the Myanmar Observer Delegation at the Fourth Session of the Human Rights Council, 23 March 2007, Geneva

16 The Myanmar National Human Rights Commission submitted a request in open letter to President of the Republic of the Union of Myanmar, The New Light of Myanmar, 10 October and 12 November 2011

17 Statement by the Myanmar National Human Rights Commission, 27 November 2011

ထိုကြေညာချက်ထဲတွင်ပင် ကော်မရှင်က "၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူတို့က တခဲနက်အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း အဆိုပါ အခြေခံမူလလူ့အခွင့်အရေးများကို တန်ဖိုးထား ဖော်ကျူးထားသည်" ဟုဆိုခဲ့သည်။ ဤစာပိုဒ်တခုတည်းနှင့်ပင် ကော်မရှင်သည် အစိုးရကို တရားဝင်မှုရှိသွားစေရန် အသုံးပြုသည့်ကရိယာတခုမျှသာဖြစ်ကြောင်း လုံလောက်စွာသက်သေပြနေပြီဖြစ်သည်။ ပထမဦးစွာ ၂၀၀၈ အခြေခံဥပဒေ ဆိုသည်မှာ လူပေါင်း ၁၃၈,၀၀၀ သေဆုံး၍ ၂.၄ သန်းဒုက္ခရောက်စေခဲ့သော နာဂစ်ဆိုင်ကလုံး မြန်မာနိုင်ငံကိုတိုက်ခတ်ပြီး ရက်ပိုင်းအတွင်းကျင်းပခဲ့သည့် အညံ့စားဆန္ဒခံယူပွဲ၌ အတည်ပြုချမှတ်ခဲ့သော စစ်တပ်ရေးဆွဲထားသည့် ဒီမိုကရေစီမဲ့အခြေခံဥပဒေဖြစ်သည်။ ဒုတိယအချက်မှာ ၂၀၀၈ အခြေခံဥပဒေကိုယ်၌က မြန်မာပြည်သူတို့၏ ရပိုင်ခွင့်များကိုချိုးဖောက်ထားပြီး အာဏာဆက်လက်ထိန်းသိမ်းဖို့နှင့် ပြည်သူလူထုကိုဖိနှိပ်ဖို့ အစိုးရကသုံးသည့် ကရိယာတခုဖြစ်သည်။ တတိယအားဖြင့်ပြောရလျှင် အကယ်၍သာ ကော်မရှင်သည် မိမိအလုပ်ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့်အနေအထားရှိသည်ဆိုပါက လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ဖော်ကျူးအားပေးထားပြီး ကျူးလွန်သူများကို ကာကွယ်ပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို မျက်စိမှိတ်ရှေ့နေလိုက်မည်မဟုတ်ပေ။ ယင်းသို့လုပ်မည့်အစား လွတ်လပ်သည့်ကော်မရှင်က အစိုးရကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီအောင် အခြေခံဥပဒေပြင်ရန် တောင်းဆိုဆော်သြမည်ဖြစ်သည်။

ကော်မရှင်အဖွဲ့ဝင်လေးဦး ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၃ ရက်တွင် နောက်ထပ်ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ "ကချင်ပြည်နယ်အစိုးရ၏ ညှိနှိုင်းဆက်စပ်ပေးမှုအောက်တွင် လူသားချင်းစာနာရေးအကူအညီများ [...] ကို စခန်းများရှိပြည်သူလူထုများထံ စနစ်တကျဖြန့်ဖြူးပေးခဲ့ပြီး အခြေခံလိုအပ်ချက်များ ထောက်ပံ့ပေးခဲ့သည်" ဟုဆိုခဲ့သည်။[18] ဤအချက်မှာ ကချင်ပြည်နယ်တွင် လူသားချင်းစာနာရေးအကူအညီများ လိုအပ်နေကြောင်း အစီရင်ခံချက်အတော်များများနှင့် လုံးဝဆန့်ကျင်ဖက်ဖြစ်နေသည်။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ IDPs အတွက် အစားအစာ၊ အဝတ်အစားနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရေးတကြီးလိုအပ်နေသည်။[19] ထိုမျှမက ကော်မရှင်၏ ကြေညာချက်တွင် ကချင်ပြည်လွတ်လပ်ရေးတပ်မတော်ကို "ဒေသလုံခြုံမှုနှင့်တည်ငြိမ်မှု ပြန်လည်ထူထောင်ရေးကို ကြိုးပမ်းဖို့" တောင်းဆိုထားသော်လည်း အစိုးရ သို့မဟုတ် မြန်မာစစ်တပ်ကိုမူ အလားတူတောင်းဆိုထားခြင်းမရှိပေ။ ဤကြေညာချက်အားဖြင့် ကော်မရှင်သည် အစိုးရအဖို့အဆင်ပြေစွာဖြင့် လူသားချင်းစာနာရေးအကြပ်အတည်းအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တခုတည်း၌သာ တာဝန်ရှိသည့်နယ် လွှဲချပစ်ခဲ့သည်။ နောက်ဆုံးပြောစရာမှာ ဤခရီးစဉ်အတွင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာစစ်တပ်ကျူးလွန်သည်ဟု စွပ်စွဲထားသည့် စစ်ရာဇဝတ်မှုများ သို့မဟုတ် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းမပြုခဲ့ပေ။ သို့သော် လူထုအခြေပြုအသင်းအဖွဲ့များကမူ ပဋိပက္ခဖြစ်ရာနယ်မြေသို့သွားရောက်ပြီး စစ်သားများက အရပ်သားများထံမှ လုယက်နေမှုများ၊ ကျေးရွာများအတွင်းသို့ အရမ်းကာရောပစ်ခတ်မှုများ၊ ရွာသားများကို လူသားမိုင်းရှင်းကရိယာများနှင့် ပေါ်တာများအဖြစ် အသုံးပြုခြင်းတို့ကို မှတ်တမ်းတင်ခဲ့ကြသည်။ ပို၍တုန်လှုပ်စရာကောင်းသည်မှာ ဥက္ကဌ ဦးဝင်းမြရက အင်တာဗျူးတခုတွင် ပြစ်မှုများအကြောင်း အစီရင်ခံချက်များကို မဖတ်ကြောင်း မှတ်ချက်ပေးပြီး စွပ်စွဲချက်များကို ပယ်ချလိုက်ခြင်းပင် ဖြစ်သည်။[20]

ကော်မရှင်၏ နောက်ထပ် ကြေညာချက်ကို ဒီဇင်ဘာ ၃၀ ရက်ကထုတ်ပြန်ခဲ့သည်။[21] ထိုကြေညာချက်ထဲတွင် အာဏာပိုင်များသည် မကြာသေးမီက အင်းစိန်ထောင်၌ အစာငတ်ခံဆန္ဒပြခဲ့ကြသည့် အကျဉ်းသားများအပေါ် မတရားပြုမူကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် AI အဖွဲ့ကြီးက စွပ်စွဲထားခြင်းကို ကော်မရှင်ကငြင်းပယ်ထားသည်။ ထိုမျှသာမက အကျဉ်းထောင်တွင်း၌ အကျဉ်းသားများခံစားနေရသော ကျန်းမာရေး၊ အစားအသောက်၊ သန့်ရှင်းမှု၊ နှိပ်စက်ညှဉ်းပန်းမှုပြဿနာများနှင့် အခြားဆိုးဆိုးဝါးဝါးဆက်ဆံမှုများကိုလည်း ကော်မရှင်က ဖော်ပြခြင်းမရှိပေ။

[18] Human Rights Watch "Ensure Aid Access to Kachin State", 21 December 2011

[19] Human Rights Watch "Ensure Aid Access to Kachin State", 21 December 2011

[20] Voice of America, "Burma's President Orders Ceasefire in Kachin State", 14 December 2011

[21] Statement by the Myanmar National Human Rights Commission on its visits to the Insein Prison and HlayHlaw-Inn Yebet Prison Labour Camp, 30 December 2011

ကော်မရှင်သည် အစိုးရအား လက်တွေ့အခိုင်အမာလုပ်ရပ်များ လုပ်ဆောင်ရန်မတောင်းဆိုဘဲ အကျဉ်းသားများအတွက် ဝိပဿနာသင်တန်းများ ဖွင့်ပေးရန်ကိုသာ တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကြေညာချက်များနှင့် အနည်းအကျဉ်းမျှသောလုပ်ရပ်များကို ကြည့်လျှင် ဤကော်မရှင်မှာ နိုင်ငံတကာအသိုင်းအဝိုင်းကို လှည့်စားရန်နှင့် အစိုးရ၏အာဘော်ကို တဆင့်ဖြန့်ချီပေးပြီး တရားဝင်အောင်လုပ်ရန် ဖန်တီးထားသည့် အဖွဲ့အစည်းတရပ်ထက်မပိုကြောင်း သံသယရှိစရာမလိုပေ။

ထပ်မံတင်ပြရမည်ဆိုလျှင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အထူးစုံစမ်းရေးအရာရှိ သောမတ်စ် ကွင်တားနားက ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့စွဲဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသော အစီရင်ခံစာ၌ အစိုးရကို တိုက်တွန်းခဲ့သည်မှာ --

> "မြန်မာ့လူ့အခွင့်အရေးကော်မရှင်သစ်ကို နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရန် တည်ထောင်ဖို့ အာမခံရမည်။ လူ့အခွင့်အရေးအဖွဲ့ကို လွှတ်တော်မှချမှတ်သည့်ဥပဒေဖြင့် တည်ထောင်ရမည်။ လွှတ်တော်က ကော်မရှင်အဖွဲ့ဝင်များကို လူစုံပါဝင်မှုရှိရှိဖြင့် ပွင့်လင်းမြင်သာစွာရွေးချယ်ရေးအစီအစဉ် ချမှတ်ပေးရမည်၊ လူ့အဖွဲ့အစည်းမှ နယ်ပယ်အားလုံးပါဝင်သည့် ရွေးချယ်ရေးကော်မတီ ထားရှိရမည်။ ဥပဒေက လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးပိုင်းလွတ်လပ်မှုတို့ကို ဆောင်ကျဉ်းပေးရမည်ဖြစ်ပြီး ပါရီမူများ၏ အခြားသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။"[22]

မြန်မာနိုင်ငံ၏ ကော်မရှင်သည် ဤသတ်မှတ်ချက်များနှင့် တခုမှမကိုက်ညီသေးကြောင်း ထင်ရှားနေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့ကော်မရှင်အပေါ် အထူးသတိထားပြီး ထိတွေ့ဆက်ဆံရေးပေါ်လစီ ချမှတ်ဖို့ မိမိတို့က အလေးအနက်တိုက်တွန်းပါသည်။ မြန်မာနိုင်ငံကော်မရှင်သည် ထိရောက်၍လွတ်လပ်ပြီး ပါရီမူများနှင့် ကိုက်ညီကြောင်း သက်သေမပြနိုင်သရွေ့ ဤစာတမ်းတွင်ဖော်ညွှန်းထားသည့် စိုးရိမ်ပူပန် ဖွယ်ပြဿနာရပ်များအပေါ် အစိုးရကိုလည်းကောင်း၊ ကော်မရှင်ကိုလည်းကောင်း နိုင်ငံတကာအသိုင်းအဝိုင်းက အမြဲတစေ ထောက်ပြတွန်းအားပေးနေသင့်ပါသည်။

ယခုအချိန်အခါတွင် မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လွတ်လပ်မှုနှင့် ကိုယ်ပိုင်ရပ်တည်နိုင်မှုတို့အပေါ် သံသယဖြစ်စရာ ထင်ရှားသည့်အကြောင်းတရားများ ရှိနေပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းသည့် အဖွဲ့အစည်းဖြစ်ရမည့်အစား လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်အောင်လုပ်မည့် လက်နက်ကိရိယာတခုအဖြစ် အသုံးပြုမည့်လက္ခဏာများ ထင်ထင်ရှားရှားရှိနေသည်။ အကယ်၍သာ နိုင်ငံတကာအသိုင်းအဝိုင်းက ပါရီအခြေခံမူများ၏အနှစ်သာရတို့ကို မြန်မာနိုင်ငံကဖောက်ဖျက်မှုများအပေါ် မသိကျိုးကျွံပြုနေပါက လွတ်လပ်သည့် အမျိုးသားလူ့အခွင့်အရေးဌာနအားလုံးအတွက် အကျိုးယုတ်ပါလိမ့်မည်။

---

[22] "Report of the Special Rapporteur on the situation of human rights in Myanmar"